## တတိယအကြိမ်မြောက် ဘက်ပေါင်းစုံပါဝင်သော အကြံပေးညှိနှိုင်းအဖွဲ့၏ အစည်းအဝေး

## သီလဝါအထူးစီးပွားရေးဇုန် ပထမအဆင့်

## ပက်ရှိုင်ရယ်ဟိုတယ်၊ ရန်ကုန်။ ၂၀၁၅ ဒီဇင်ဘာလ ၁၅ ရက်၊ နေ့လည် ၂ နာရီ

အစည်းအဝေးတက်ရောက်သူများ

Members

- ✓ Ms. Vicky Bowman, Myanmar Centre for Responsible Business (MCRB) (Chair of MSAG)
- ✓ Dr. Than Aung, Secretary, Thilawa SEZ Management Committee (TSEZMC)
- ✓ U Kyaw Than, Mediator, TSEZMC
- ✓ Mr Takashi Yanai, CEO of Myanmar Japan Thilawa Development Ltd.( MJTD)
- ✓ U Myint Zaw, Director, MJTD
- ✓ Daw Ei Ei Khaing, Community Relations Officer, MJTD
- ✓ U Mya Hlaing, TSDG
- ✓ U Aye Htay, Thilawa Social Development Group (TSDG)
- ✓ U Aye Khaing Win, Project Affected People at Thilawa SEZ Phase 1
- ✓ U Sandar Wara, Mediator, Income Restoration Programme
- ✓ Dr. Htain Win, Mediator, Income Restoration Programme
- ✓ Ms. Jessica Spanton, Earth Rights International (ERI)
- ✓ Bo Bo, Deputy Director, Earth Rights International (ERI)
- ✓ Lei Zhang, Deputy Director, Myanmar Centre for Responsible Business (MCRB)
- ✓ Daw Ngu Wah Hlaing, MJTD, Assistant Officer
- ✓ Ms.Junko Kikuchi, Ko Zaw La, Ma Htar Aye Zan, Ko Eh Doh, JICA Expert Team (JET) (Secretariat of MSGA)

Observers

- ✓ U Min Ta La Nyan, Ball Asia Pacific Co.
- ✓ U Lang Khan Kaung, Human Resource Manager, Ball Asia Pacific Co.
- ✓ Ms. Piyamal Pichaiwongse, ILO, Deputy Liaison Officer
- ✓ Mr. Moe Kyaw, ILO, Field Assistant, Consultant
- ✓ Mr.Robert Mansell, Senior Advisor, International Senior Lawyers Project (ISLP)
- ✓ Ms.Jin Chien, Myanmar Program Consultant, International Senior Lawyers Project (ISLP)
- ✓ U Aye Thiha, E-Guard, Managing Director

### ၁။ အဖွင့်အမှာစကား

- ➢ ရှေးဦးစွာ အစည်းအဝေး၏ အစီအစဉ်ကို ဥက္ကဌ မှ ရှင်းပြခဲ့ပြီး ဘက်ပေါင်းစုံပါဝင်သော အကြံပေးညှိနှိုင်းအဖွဲ့၏ စည်းကမ်းသတ်မှတ်ချက်အပါအဝင် ပြီးခဲ့သော MSAG အစည်းအဝေးမှတ်တမ်းကို အင်္ဂလိပ် မြန်မာနှစ်ဘာသာလုံးဖြင့် MCRB ဝက်ဆိုက် တွင် ကြည့်ရှုနိုင်ကြောင်းကို ကြေညာခဲ့ပါသည်။

### ၂။ ပြဿနာဖြေရှင်းရေးဆိုင်ရာ ယာယီယန္တရား

- ➢ ဥက္ကဌ မှ ပြဿနာဖြေရှင်းရေးဆိုင်ရာ ယာယီယန္တရား ဆွေးနွေးမည့်အကြောင်းကို မိတ်ဆက်ခဲ့ပါသည်။ ပြဿနာဖြေရှင်းရေးဆိုင်ရာ ယာယီယန္တရား၏ အခြေခံသဘောတရားမှာ ပြဿနာများကို ဖြေရှင်းသည့် ဖြစ်စဉ်တိုင်းတွင် ဒေသခံများပါဝင်သင့်သည့် အကြောင်းပင် ဖြစ်ပါသည်။ MJTD၊ သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲရေး ကော်မတီ နှင့် ဂျိုက်ကာ ကျွမ်းကျင်ပညာရှင်အဖွဲ့သည် ဒေသခံများနှင့် အတူတကွ အလုပ်လုပ်ဆောင်ရမည် ဖြစ်ပါသည်။

- ပြဿနာဖြေရှင်းရေးဆိုင်ရာ ယာယီယန္တရား မှာ အောက်တိုဘာလအတွင်းတွင် ကျင်းပခဲ့သော working level အစည်းအဝေးမှ ရလဒ် ဖြစ်ကြောင်း ERI မှ ရှင်းပြခဲ့ပါသည်။ ယင်း ယာယီယန္တရားမှာ MJTD၊ သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲရေး ကော်မတီ၊ ဂျိုက်ကာ ကျွမ်းကျင်ပညာရှင်အဖွဲ့ နှင့် ဒေသခံများအကြားတွင် ပူးပေါင်းလုပ်ဆောင်မှု ပိုမိုတိုးတက်ကောင်းမွန်လာစေရန် ရည်ရွယ်ပါသည်။ ထို့အပြင် ဒေသခံများကိုယ်တိုင်ပါဝင်သော ရေးဆွဲသော ရေရှည်တည်တံ့သည့် ပြဿနာဖြေရှင်းရေး ယန္တရားကို ဒေသခံများနှင့်အတူ ဆက်လက် လုပ်ဆောင်သွားမည်ဖြစ်သည်။ ယင်း ယန္တရားကို ရေးဆွဲရန်အတွက် အလုပ်ရုံဆွေးနွေးပွဲများ ၁၃ ကြိမ်ခန့် ပြုလုပ်ခဲ့ပြီးဖြစ်ပါသည်။ ဇုန်အေ စီမံကိန်းကြောင့် ထိခိုက်နစ်နာသောသူများမှ ကိုယ်စားလှယ် ၁၀ ဦးရွေးချယ်ထားပြီး ၆ ဦး၊ ၇ ဦး ခန့်မှာ အစည်းအဝေး ပုံမှန်တက်ရောက်ကာ အခြားသော မတက်ရောက်နိုင်သူများကိုလည်း ပြန်လည် ဝေမျှခြင်းများ ပြုလုပ်ကြပါသည်။ ရည်ရွယ်ချက်မှာ အခက်အခဲများနှင့်ပတ်သတ်၍ ဒေသခံများကိုယ်တိုင် ဆုံးဖြတ်ထားသည့် ဖြေရှင်းနည်းလမ်းများကို အကောင်းဆုံး တင်ပြ တတ်နိုင်စေရန်အတွက် ကူညီပေးရန် ဖြစ်ပါသည်။
- ပြဿနာဖြေရှင်းရေးဆိုင်ရာ ယာယီယန္တရားစာရွက်မှာ အင်္ဂလိပ်လိုရေးသားထားပြီး မြန်မာ ဘာသာပြန်ဆိုရာတွင် စကားလုံးအသုံးအနှုန်းများကို စစ်ဆေးရန်နှင့် ပြန်လည် ဘာသာပြန်ဆိုရန် လိုအပ်ကြောင်းကိုသဘောတူညီခဲ့ပါသည်။
- ပြဿနာဖြေရှင်းရေးဆိုင်ရာ ယာယီယန္တရားအတွက် ဒေသခံများဘက်မှ အဓိကတာဝန်ခံ ဆက်သွယ်ရမည့်သူ အနေဖြင့် မည်သူကို ဆက်သွယ်ရမည်ကို ဥက္ကဋ္ဌမှ မေးမြန်းရာတွင် ဇုန်အေ စီမံကိန်းကြောင့်ထိခိုက်နစ်နာသူများထဲမှ ကိုယ်စားလှယ် ကိုအေးခိုင်ဝင်း မှ ၄င်း နှင့် ဒေါ်မြင့်မြင့်သိန်းမှာ ဒေသခံများဘက်မှ ကိုယ်စားလှယ်များ ဖြစ်ပြီး စီမံကိန်းကြောင့် ထိခိုက်နစ်နာသူများ၏ တိုင်ကြားချက်နှင့် တောင်းဆိုချက်များကို စုဆောင်း၍ MJTD၊ သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲရေးကော်မတီ နှင့် ဂျိုက်ကာကျွမ်းကျင်ပညာရှင်အဖွဲ့ ထံသို့ တာဝန်ယူတင်ပြသွားမည်ဖြစ်ကြောင်းပြောကြားခဲ့ပါသည်။
- ရေတွင်းအခက်အခဲကို ယာယီအနေနဲ့ လက်ရှိအသုံးပြုနေသော ရေတွင်းများကို ပြုပြင်မှုများပြုလုပ်ခဲ့ပြီး နောက်ပိုင်းတွင်လည်း ရေရှည်ဖြေရှင်းမှုအနေဖြင့် အဝီစိ ရေတွင်း ၂ တွင်း ထပ်မံ၍တူးဖေါ်ခြင်း၊ ရေလှောင်ကန် တည်ဆောက်ခြင်းများ ကို ပြုလုပ်သွားရန် ရှိပါသည်။ အခုလို ရလာဒ်ကောင်းများကို ကြိုဆိုကြောင်း ကိုအေးခိုင်ဝင်းမှ ပြောကြားသွားပါသည်။
- ပြဿနာဖြေရှင်းရေးဆိုင်ရာ ယာယီယန္တရား ကို ကြိုဆိုကြောင်းနှင့် သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲရေးကော်မတီ၊ MJTD နှင့် ဂျိုက်ကာကျွမ်းကျင်ပညာရှင်အဖွဲ့အကြား ပိုမိုကျယ်ပြန့်သော ပူပေါင်းဆောင်ရွက်မှုများကို ကြိုဆိုကြောင်း သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲရေးကော်မတီ၏ အတွင်းရေးမှူးမှ ပြောကြားသွားပါသည်။
- လုပ်ဆောင်ပေးခဲ့သော အရာများအပေါ် ဒေသခံများဖက်မှ ကျေနပ်ကြောင်း သိရသည့်အတွက် ဝမ်းသာကြောင်းနှင့် မိမိတို့ဘက်မှလည်း ဆက်လက်ပြီး ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို MJTD ၏ CRO ဖြစ်သူ ဒေါ်အိအိခိုင်မှ ပြောကြားခဲ့ပါသည်။
- လုပ်ဆောင်ချက်များ အောင်မြင်ရန်အတွက် အဖွဲ့အစည်းများအကြားပွင့်လင်းမြင်သာမှုရှိရန်နှင့် သတင်းအချက်အလက်များ၊ ရှုထောင့် သဘောထား အမြင်များ ဖလှယ်ခြင်းမှာ အလွန်အရေးကြီးကြောင်းကို ILO မှ Ms Piyamal က အကြံပြုပြောကြားခဲ့ပါသည်။
- ဒေသခံများ၏ အခက်အခဲပြဿနာတိုင်းမှာ ပြဿနာဖြေရှင်းရေးဆိုင်ရာ ယာယီယန္တရားနှင့် အစားမထိုးသင့်ပဲ သက်ဆိုင်ရာ ဌာနဆိုင်ရာများမှတဆင့် ဖြေရှင်းရမည် အခက်အခဲများလည်း ရှိကြောင်းကို ဥက္ကဋ္ဌမှ ထောက်ပြပြောဆိုခဲ့ပါသည်။
- ကုမ္ပဏီနှင့် ဒေသခံအကြား ဆက်သွယ် ဆက်ဆံခြင်း၊ နှစ်ဦးနှစ်ဖက် အပြန်အလှန် လေးစားခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း စသည့် လူထုအခြေပြုပြဿနာဖြေရှင်းရေး ယန္တရားအတွက် အဓိကကျသော အချက်များအကြောင်းကို ERI မှ အကြံပေးအရာရှိ Robert Mansell မှ ရှင်းပြပြောဆိုခဲ့ပါသည်။ မတူညီသော ပရောဂျက်များမှ ပြဿနာများအတွက် မတူညီသောဖြေရှင်းနည်းများ ရှိကြောင်းကိုလည်း ၄င်းမှ

ပြောဆိုသွားပါသည်။

**၃။ သီလဝါအထူးစီးပွားရေးဇုန်၏ လတ်တလောအခြေအနေ အား သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲရေး ကော်မတီမှ အတွင်းရေးမှူး Dr. Than Aung ရှင်းပြခြင်း**

ဇုန်အေ မှ စီမံကိန်းကြောင့် ထိခိုက်နစ်နာသူများ ကို MJTD နှင့် ဂျိုက်ကာကျွမ်းကျင်ပညာရှင်အဖွဲ့မှ ကူညီထောက်ပံ့မှုများပြုလုပ်နေပါသည်ဟု သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲရေးကော်မတီ၏ အတွင်းရေးမှူးမှ ပြောဆိုခဲ့ပါသည်။ ဇုန်ဘီအတွက် ၂၆၂ ဟက်တာကို MJTD နှင့် ၄၃၄ ဟက်တာကို မြန်မာဘက်ကနေ လုပ်ဆောင်ရန် လျာထားပါသည်။ JICA မှ မြန်မာအစိုးရထံသို့ International Standard နဲ့ အညီ လျော်ကြေးငွေပေးရန် အကြံဉာဏ်ပေးထားပြီး လိုအပ်သောတွက်ချက်မှုများ မပြီးသေးပါသဖြင့် လျော်ကြေးငွေပေးချေခြင်းမပြုရသေးသော ဧရိယာများအတွက် လျော်ကြေးငွေပေးခြင်းကိစ္စမှာ နှောင်းနေး ကြန့်ကြာခြင်းဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ ဇုန်ဘီ စီမံကိန်းကြောင့်ထိခိုက်နစ်နာသူများအတွက် ပြောင်းရွှေ့ပြန်လည်နေရာချထားမည့်နေရာအတွက်လည်း အစိုးရဘက်က သင့်လျော်သော နေရာများကို ရှာနေပြီး ဒေသခံများ၏ ဆန္ဒနှင့်ကိုက်ညီစေရန် အတတ်နိုင်ဆုံးကြိုးစားသွားမည်ဖြစ်ကြောင်းကို သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲရေးကော်မတီ၏ အတွင်းရေးမှူးမှ ပြောဆိုခဲ့ပါသည်။

- လျော်ကြေးငွေကိစ္စနှင့်ပတ်သက်၍ ၂၀၁၅ ဒီဇင်ဘာလ ၆ရက်နေ့က ဆွေးနွေးခဲ့ကြောင်းကို TSDG မှ ခေါင်းဆောင်တစ်ဦးမှ ပြောကြားခဲ့ပါသည်။ ယင်းဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူးမှ လျော်ကြေးငွေနှုန်းထားမှာ ၁ဧက သိန်း ၁၀၀ နှုန်းဖြစ်လိမ့်မည်ဟု ပြောကြားခဲ့ပါသည်။ မြေလျော်ကြေးငွေကိစ္စကို နိုင်ငံတကာ စံချိန်စံညွှန်းတွေနှင့် အညီ တွက်ချက်မှုများ မပြီးသေးပါသဖြင့် လျော်ကြေးငွေနှင့်ပတ်သက်သော ဆွေးနွေးမှုများကို နောက်မှ ပြုလုပ်မည်ဖြစ်ကြောင်းကို သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲရေးကော်မတီမှ ရှင်းပြပြောဆိုခဲ့ပါသည်။
- ခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးကို လူထုနဲ့ဆက်ဆံပြောဆိုရာတွင် ဒေသခံလူထုကို ဖိအားပေးသော အသုံးအနှုန်းမျိုးကို အသုံးမပြုရန် သေချာပြောထားကြောင်း ဒေါက်တာသန်းအောင်မှ ပြောကြားခဲ့ပါသည်။ ဒေသခံများကိုလည်း အစည်းအဝေးများတွင် လွတ်လွတ်လပ်လပ် ပြောဆိုရန် တိုက်တွန်းပြီး ဒေသခံများအကျိုးအတွက် အတတ်နိုင်ဆုံးကြိုးစားသွားမည်ဖြစ်ကြောင်းကို ပြောကြားခဲ့ပါသည်။
- မျှတသော ဆက်ဆံမှုမျိုးကို လိုလားကြောင်း၊ နောက်နောင်တွင် သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲရေးကော်မတီနှင့် တိုက်ရိုက်ထိတွေ့ပြောဆိုမှုမျိုးကိုသာလိုလားကြောင်း TSDG မှ ကိုယ်စားလှယ်များမှ ပြောဆိုခဲ့ပါသည်။
- MJTD မှ CEO ဖြစ်သူ Mr Yanai သည် အစည်းအဝေးကို ပထမဦးဆုံး အကြိမ်တက်ရောက်ပြီး အထူးစီးပွားရေးဇုန်၏ သတင်းအချက်အလက်များကို ဝေငှခဲ့ပါသည်။ စာချုပ်ချုပ်ဆိုထားသည့်ကုမ္ပဏီ ၅၃ ခု အနက် ၁၅ ခုမှာ စက်ရုံတည်ဆောက်ဆဲဖြစ်ပြီး ကုမ္ပဏီ ၂ခုမှာ စတင်လည်ပတ်နေပြီးဖြစ်ပါသည်။ နောက်ထပ်ကုမ္ပဏီ ၅ခု သည်လည်း ၁ လ ~ ၂ လအတွင်း တည်ဆောက်ရေးလုပ်ငန်းများ စတင်မည် ဖြစ်ပါသည်။ Community Relation Fund (CRF) အတွက်လည်း သီလဝါအထူးစီးပွားရေးဇုန် အတွင်းမှကုမ္ပဏီများအနေဖြင့် စက်ရုံမြေနေရာ အကျယ်အဝန်းပေါ်မူတည်၍ အမေရိကန်ဒေါ်လာ တစ်လ ၂၀၀ ခန့် ပေးရန် MJTD နှင့် ကုမ္ပဏီများအကြား သဘောတူညီချက်ထားရှိထားကြောင်း နှင့် ယင်း CRF သည် ဒေသခံလူထုကို ထောက်ပံ့ကူညီမည့်အစီအစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန်ရည်ရွယ်ထားကြောင်း၊ မည်သည့် အကူအညီအထောက်အပံ့ကို ဦးစားပေး လုပ်ကိုင်ရမည် ဆိုသည်ကို ဒေသခံများထံမှ သိချင်ကြောင်း ပြောကြားခဲ့ပါသည်။

- ပြန်လည်နေရာချထားရေး အစီအစဉ်ကြောင့် ဖြစ်ပေါ်လာသော စိတ်ပိုင်းဆိုင်ရာ ထိခိုက်နစ်နာမှုများအတွက် ထောက်ပံ့မှု အစီအစဉ် ရှိ မရှိ ကို TSDG၏ ခေါင်းဆောင်မှ မေးမြန်းရာတွင် စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုအတွက် ထိရောက်သောပံ့ပိုးမှုမှာ ခက်ခဲကြောင်းနှင့် ငွေကြေးဆိုင်ရာ အထောက်အပံ့ထက် စိတ်ပိုင်းဆိုင်ရာ အထောက်အပံ့များဖြစ်သင့်ကြောင်း ဥက္ကဌမှ ပြန်လည်ဖြေကြားပြောဆိုခဲ့ပါသည်။
- Ball ကုမ္ပဏီ မှာ စက်ရုံတည်ဆောက်ဆဲဖြစ်ကြောင်း၊ ၂၀၁၆ ဖေဖော်ဝါရီ လ ၏ နောက်ဆုံးအပတ်ခန့် တွင် စက်ရုံစတင်လည်ပတ်မည်ဖြစ်ကြောင်းကို ယင်း ကုမ္ပဏီမှ တက်ရောက်လာသူ ကိုယ်စားလှယ်မှ ပြောကြားခဲ့ပါသည်။ ဝန်ထမ်း ၉၁ ခန့် ရွေးချယ်ထားသည့်အနက် စီမံကိန်းကြောင့်ထိခိုက်နစ်နာသူများမှ ၇ ဦး ပါဝင်ကြောင်း နှင့် အချို့ ဝန်ထမ်းများမှာ ယခုအခါ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် သင်တန်းတက်ရောက်နေကြောင်းကို ယင်း ကိုယ်စားလှယ်မှ ပြောကြားသွားပါသည်။
- ဇုန်အေ စီမံကိန်းကြောင့် ထိခိုက်နစ်နာသူများအတွက် ရပ်ရွာဖွံ့ဖြိုးရေး ရံပုံငွေအကြောင်းကို ဦးစန္ဒာဝရမှ ရှင်းလင်းတင်ပြခဲ့ပါသည်။
- အထူးစီပွားရေးဇုန်အတွင်းမှ လုပ်ခ လစာများအကြောင်းကို ဆွေးနွေးခဲ့ပါသည်။ အနိမ့်ဆုံးလစာ ၃၆၀၀ ဆိုသည်မှာ အောက်ဆုံးအဆင့်ဖြစ်ကြောင်း ILO မှ Mrs Piyamal က ရှင်းပြခဲ့ပါသည်။ သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲရေး ကော်မတီအနေဖြင့် အနိမ့်ဆုံးလစာ မသတ်မှတ်ရသေး သော်ငြားလည်း သီလဝါအထူးစီးပွားရေးဇုန်အတွင်းမှ ကုမ္ပဏီများသည် တနေ့ လုပ်ခလစာ အနည်းဆုံး ၃၆၀၀ ထက် လျှော့၍မပေးသင့်ကြောင့် ကိုလည်း အကြံပြုပြောကြားခဲ့ပါသည်။ သင်တန်းကာလနှင့် စောင့်ကြည့်ကာလများအကြောင်းကိုလည်း အလုပ်သမားဆိုင်ရာ ဥပဒေများထဲတွင် ထည့်သွင်း ဖော်ပြထားခြင်း မရှိကြောင်းကိုလည်း ပြောကြားခဲ့ပါသည်။
- Mrs Piyamal၏ အကြံပြုချက်များကို အလုပ်သမားဝန်ကြီးဌာန သို့ တင်ပြသွားမည်ဖြစ်ကြောင်းကို သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲရေး ကော်မတီမှ ပြန်လည်ပြောဆိုခဲ့ပါသည်။ ILO အနေဖြင့် နိုင်ငံတကာ အလုပ်သမားဆိုင်ရာ စံနှုန်းများ အကြောင်းကို သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲရေး ကော်မတီ ဥက္ကဌ ထံသို့ စတင်၍ ရှင်းလင်းတင်ပြသင့်ကြောင်းကို MSAG ဥက္ကဌမှ အကြံပြု ပြောဆိုခဲ့ပါသည်။

ညနေ ၅ နာရီခွဲတွင် အစည်းအဝေး ပြီးဆုံးသည်။

၂၀၁၅ ဒီဇင်ဘာလ ၁၅ ရက်